FMI

# အရေးပါသောလက်အောက်ခံကုမ္ပဏီခွဲတွင် မတည်ရင်းနှီးငွေ တိုးမြှင့်ခဲ့ခြင်းအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် FMI ကုမ္ပဏီမှ အစုရှယ်ယာ ၅၁% ထည့်ဝင်ပိုင်ဆိုင်ထားသည့် ရိုးမဘဏ်လီမိတက် (“ရိုးမဘဏ်”) ၏ မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်းအား အသိပေးကြေညာအပ်ပါသည်။

**မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း အသေးစိတ်ဖော်ပြချက်**

| | |
|---|---|
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်း (ကုမ္ပဏီမှထည့်ဝင်ငွေ) | မရှိပါ |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းနည်းလမ်း | သာမန်ရှယ်ယာအသစ်များအဖြစ် ထည့်ဝင်ခြင်း |
| မတည်ရင်းနှီးငွေတိုးမြှင့်ခြင်းမတိုင်မီ ရိုးမဘဏ်အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | ကျပ် ၇၈,၆၁၁.၉၁ သန်း |
| မတည်ရင်းနှီးငွေတိုးမြှင့်ပြီးနောက် ရိုးမဘဏ်အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ | ကျပ် ၈၃,၉၂၇.၅၃ သန်း |

**မတည်ရင်းနှီးငွေတိုးမြှင့်ရခြင်း အခြေခံအကြောင်း**

FMI ကုမ္ပဏီမှ ရိုးမဘဏ်သို့ ပိုင်ဆိုင်မှုအချိုးအရ မကြာသေးမီက မတည်ရင်းနှီးငွေထည့်ဝင်ခဲ့ပြီးနောက် ရိုးမဘဏ်၏ ကျန်အနည်းစု အစုရှယ်ယာရှင်များမှ မတည်ရင်းနှီးငွေအား အချိုးကျထည့်ဝင်ခြင်းဖြစ်ပါသည်။ ယခု အစုရှယ်ယာမတည်ရင်းနှီးငွေ ထည့်ဝင်ခြင်းကြောင့် FMI ကုမ္ပဏီမှ ရိုးမဘဏ်အား ပိုင်ဆိုင်မှုအချိုးအစား ပြောင်းလဲမှုမရှိပါကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm